# Hackathon 2018 အကြောင်း

*(မြန်မာနိုင်ငံသားများအတွက်သာ)*

**Hackathon ဆိုတာဘာလဲ ?**

Hackathon ကတော့ ရန်ကုန် နှင့် မန္တလေး တွင် ၂ ရက်ကြာ ကျင်းပပြုလုပ်မည့် ကျေးလက်နေ တောင်သူလယ်သမားများအကျိုးဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေးနယ်ပယ် နှင့် အမျိုးသမီးများလုပ်ပိုင်ခွင့်ရရေး နယ်ပယ်များကို အဓိကထားပြီး ထိုနယ်ပယ်နှစ်ခုထဲမှ တစ်ခုကိုရွေးခြယ်ကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာတစ်ခုကို Software Programmers များ ၊ Developers များနှင့် Designers များ အသင်းအုပ်စုအလိုက် အတူတကွ ဒီဇိုင်းဆွဲ ယှဉ်ပြိုင် တည်ဆောက်ရမည့် Software ပိုင်းဆိုင်ရာ ပြိုင်ပွဲတစ်ခု ဖြစ်ပါတယ်။ ၂၀၁၈ Hackathon ပြိုင်ပွဲဟာဆိုရင်ဖြင့် မြန်မာနိုင်ငံ၏ နှစ်စဉ် Hackathon ပြိုင်ပွဲတွေထဲတွင် အကြီးဆုံးပြိုင်ပွဲတစ်ခုလည်းဖြစ်သည်။ ထိုပြိုင်ပွဲတွင် စိတ်လှုပ်ရှားမှုမျိုးစုံကြုံရမည့်အပြင် နှင့် ပါဝင်သူများအတွက်လက်ဆောင်များပါပေးအပ်မှာ ဖြစ်ပါတယ်။ သင်ရော ဒီပြိုင်ပွဲရဲ့တစ်စိတ်တစ်ပိုင်းမှာ မပါဝင်ချင်ဘူးလား ?

**The Hackathon 2018 ပွဲ ကို ဘယ်အချိန် ဘယ်နေရာမှာ ကျင်းပမှာလဲ ?**

၂၀၁၈ ခုနှစ် Hackathon ပြိုင်ပွဲကို ဒီဇင်ဘာလ ၈ ရက်နေ့ နှင့် ၉ ရက်နေ့များတွင် ရန်ကုန်မြို့ Ooredoo ရုံးချုပ်ရှိရာနေရာနှင့် မန္တလေးမြို့ooredoo ရုံးရှိရာနေရာမှတစ်ဆင့် ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။

**The Hackathon 2018 ပွဲကို ဘယ်သူတွေ တက်ရောက်နိုင်မလဲ ?**

အဖြေရှာရတာ သင်ယူရတာကို ကြိုက်နှစ်သက်ပြီး လူမှုအကျိုးပြုရေး ၊ ပေါင်းသင်းဆက်ဆံရေး ၊ ဒီဇိုင်း နှင့် ကွန်ပြူတာ ပရိုဂရမ်ပိုင်းဆိုင်ရာများတွင် စိတ်ပါဝင်စားသော မည်သူမဆိုတက်ရောက်နိုင်ပါသည်။
ပါဝင်ယှဉ်ပြိုင်သူအသင်းဖွဲ့တစ်ဖွဲ့သည် ကုမ္ပဏီတစ်ခုကို ကိုယ်စားပြုခွင့်မရှိပါ ။

**The Hackathon 2018 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် လျှောက်ထားလိုသော ပြိုင်ပွဲဝင်လိုသူ အသင်းများအနေနှင့် ရှိသင့်သော စံနှုန်းအရည်အချင်းတွေက ဘာတွေလဲ ?**

အတွေ့အကြုံ အနည်းငယ်တော့လိုအပ်ပါတယ် ။ ပွဲစီစဉ်သူ Impact Hub Yangon မှ Hackathon ပွဲ ကျင်းပနေစဉ်အတွင်းတွင်လည်း သူတို့ကြုံတွေ့ရတဲ့စိန်ခေါ်မှုတွေကို နားလည်ရင်ဆိုင်နိုင်ရန် အကြောင်းအရာတစ်ခုချင်းစီတိုင်းကို ပိုမိုလေ့လာချင်သော သူများအတွက် Workshops များကို စီစဉ်ပေးထားမှာဖြစ်ပါတယ်။ Hackathon ပွဲစဉ် အတွင်းတွင် ကိုယ်တကယ်လုပ်ချင်သောအရာကို သေချာမသိပဲ လာရောက်ယှဉ်ပြိုင်သော ပြိုင်ပွဲဝင်များအတွက်လည်း ကိုယ်တကယ်စိတ်ဝင်စားသောနယ်ပယ်တစ်ခုရွေးခြယ်နိုင်ရန် ကူညီလမ်းညွှန်ပေးမှာ ဖြစ်ပါတယ်။

**The Hackathon 2018 ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဝင်ကြေးပေးစရာလိုပါသလား ?**

မလိုပါဘူး။ အခမဲ့ပါဝင်နိုင်သည့်အပြင် ပွဲတက်ရောက်သူများအတွက် စားစရာနှင့် မုန့်များပါ စီစဉ်ပေးထားမှာ ဖြစ်ပါတယ်။

**The Hackathon 2018 က အသင်းအဖွဲ့နဲ့လုပ်ရတဲ့ပွဲတစ်ခုလား?**

ဟုတ်ပါတယ် ။ အသင်းဖွဲ့စည်းခြင်း နှင့် စီမံကိန်းတစ်ခုကိုပြုလုပ်ခြင်းရဲ့ အဓိကအချက်က ပြိုင်ပွဲဝင်သူတွေကို လက်တွေ့ဘဝမှာ လုပ်ဆောင်နိုင်တဲ့ အခွင့်အရေးတွေကိုပေးမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေဟာ မိမိတို့နဲ့ ကျောထောက်နောက်ခံ ၊ ကျွမ်းကျင်မှု စတဲ့ မတူညီ ခြားနားသော တခြားသောပြိုင်ပွဲဝင်များနှင့် အတူတကွ အလုပ်လုပ်ရင်း လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ် ။ အသင်းတစ်ခုတွင် အများဆုံး လူ ၃ ယောက် ရှိရပါမယ် ။ ပြိုင်ပွဲဝင်တွေဟာ အားလုံးကို ကိုယ်တိုင်ဖန်တီးလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ သို့သော် အသင်းတစ်ခုအနေနဲ့ တိုင်ပင်လုပ်ဆောင်ဖို့တော့ အကြံပြုချင်ပါတယ်။ Impact Hub Yangon မှ ဦးစီး၍ ပြိုင်ပွဲဝင်များအား Hackathon ပွဲမတိုင်မီ အသင်းတစ်ခုဖြစ်လာရန် ပြိုင်ပွဲဝင်အချင်းချင်း စကားပြောဆိုရင်းနှီးခွင့်ရရန် စီစဉ်ပေးမှာ ဖြစ်ပါတယ်။

**ပြိုင်ပွဲဝင်အသင်းက The Hackathon 2018 တွင် ဘယ်အရာကို တည်ဆောက်ရမှာလဲ ?**

ပြိုင်ပွဲဝင်များသည် အမျိုးသမီးများလုပ်ပိုင်ခွင့်ရရှိရေး နှင့် ကျေးလက်နေတောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနည်းပညာကဏ္ဍ စတဲ့ အဓိကနယ်ပယ်များထဲမှတစ်ခုအတွက် နည်းပညာတစ်ခုကို ထောက်ပံ့ပေးနိုင်သော စမ်းသပ်မှုလုပ်ဆောင်ချက်တစ်ခုကို တည်ဆောက်ရမည်ဖြစ်သည်။ ထိုစမ်းသပ်ချက်သည် ၂၀၁၈ Hackathon ပြိုင်ပွဲ၌ Ooredoo မှထောက်ပံ့ပေးသော APIs service(Charging & SMS) ကိုအသုံးပြု၍ Android App ဖန်တီးရမည်ဖြစ်သည်။

**ဘယ်လိုလျှောက်ထားနိုင်မလဲ ?**

ပြိုင်ပွဲဝင်များသည် ယခုလင့်(ခ)မှတဆင့် The Hackathon 2018 ပွဲအတွက် Registration form ကို ဖြည့်နိုင်ပါသည်။

**ဘယ်အချိန်လျှောက်သင့်လဲ ?**

အရေအတွက် ကန့်သက်ထားသောကြောင့် တက်နိုင်သမျှ စောစောလျှောက်သင့်ပါတယ် ။

**ပြိုင်ပွဲတွင် အနိုင်ရလျှင် ဘာအခွင့်အရေးတွေ ရနိုင်မလဲ ?**

နယ်ပယ်တစ်ခုစီတွင် အနိုင်ရသောအသင်းတစ်သင်းစီအား UNDP မှ ချီးမြှင့်သော ပရိုဂရမ်များ နှင့် Ooredoo, Impact Hub Yangon တို့မှ အခြားဆုကြေးများ ကိုရရှိမှာ ဖြစ်ပါသည်။

**ရှေ့ဆက်လုပ်မဲ့လုပ်ငန်းစဉ်တွေကရော ဘာတွေလဲ?**

လျှောက်လွှာအားလုံးကို စိစစ်ရေးအဖွဲ့မှ ပြန်လည်ဆန်းစစ်မည်ဖြစ်ပါသည်။ စံသတ်မှတ်ချက်နှင့် မကိုက်ညီသော လျှောက်လွှာများကို ပယ်ချသွားမည်ဖြစ်ပါသည်။ အောင်မြင်စွာရွေးခြယ်ခံရသော ပြိုင်ပွဲဝင်များကိုသာ နောက်ထပ်သတင်းအချက်အလက်များထောက်ပံ့ပေးပြီး အကြံပေးမှုများဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။